## ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု၏ Corporate Social Responsibility (CSR)

Corporate Social Responsibility (CSR) သည် ယခုအခါ အနောက်နိုင်ငံများသာမက တကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်းကြီးများ၌ မဖြစ်မနေပါဝင်လျှက်ရှိနေကြပြီဖြစ်ရာ အများအားဖြင့်မိမိတို့အားသန်သည့်ကဏ္ဍကသာ ဦးစားပေး လုပ်ကိုင်နေကြသည်ကို တွေ့မြင်နိုင်ပါသည်။ CSR ၏ယေဘူယျအဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည့် အများအကျိုးကို ပေါင်းစည်းကူညီဆောင်ရွက်ပေးခြင်းဆိုရာတွင် မိမိတို့ပါရမီအနေနှင့် ရင်တွင်းစေတနာကိုအဓိကအရင်းခံ၍ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး လွှမ်းမိုးခြင်း များကင်းရှင်းစွာဆောင်ရွက်လျက်ရှိပါသည်။

CSR လုပ်ငန်းဆောင်ရွက်မှုကောင်းသည့်အပေါ်မူတည်၍ အဆိုပါကုမ္ပဏီ၏စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းကို သိရှိနိုင်သလို ထိုကဲ့သို့စီမံခန့်ခွဲမှုကောင်းခြင်းသည် လူသားတို့ဝန်းကျင်ကိုပါ ကောင်းကျိုးဖြစ်ပေါ်စေနိုင်သည်ဟု သုံးသပ်ကြပါသည်။ ထို့ကြောင့်ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုသည် CSR ကဏ္ဍလုပ်ကိုင်ဆောင်ရွက်ရာတွင် စနစ်ကျနသောစီမံချက်များနှင့်အတူ ထိုစီမံချက်များကို အကောင်အထည်ဖေါ်ရာတွင်လည်း ပါရမီ၏ CSR ရည်ရွယ်ချက်များက အစဉ်အမြဲအလေးထားပါသည်။

ထို့အပြင် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု ၏ CSR ကဏ္ဍလုပ်ကိုင်ဆောင်ရွက်ရာတွင် လူသားနှင့် သဘာဝပတ်ဝန်းကျင်နှစ်ခုစလုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး ရည်ရွယ်ဆောင်ရွက်ပါသည်။

အဆိုပါ CSR ဆောင်ရွက်မှုများအားလုံးသည် ပါရမီ၏စေတနာ နှင့် CSR စီမံချက်များအဖြစ် သာမက မြန်မာနိုင်ငံ၏ အနာဂါတ်ပျိုးခင်းသစ်မားဖြစ်သော မူလတန်းကလေးငယ်များ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးနှင့် မြန်မာ့သဘာဝရေမြေတောတောင်များပိုမိုစိမ်းလန်းသာယာရေးကိုလည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်သညအတွက် အနာဂါတ်အမိမြန်မာနိုင်ငကို ပိုမိုသာယာစေလိမ့်မည ဟုယုံကြည်ပါသည်။

CSR စီမံချက်များသည် လူမှုဘဝများကို ပေါင်းစပ်ကူညီပေးရန်သာမက လူသားတိုနှင့်သဟဇာတ ဖြစ်စေမည့်သဘာဝပါတ်ဝန်းကျင်ကိုပါ တပြိုင်နက်တည်းပြုစုထူထောင်သွားစေနိုင်မည်ဖြစ်ပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်ခြင်းများ သည်အခြားသောအဖွဲ့အစည်းများကိုလည်း တဖက်တလမ်းမှ စေ့ဆော်တိုက်တွန်းရာရောက်စေမည်ဖြစ်၍ တဖြည်းဖြည်းနှင့် မြန်မာ့မြေပေါ်တွင် အရိပ်အာဝါသပိုမိုကောင်းမွန်သော CSR သစ်ပင်ကြီးရှင်သန်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ပါရမီစွမ်းအင်ကုမ္ပဏီအုပ်စု ၏လက်ရှိလုပ်ဆောင်နေသော CSR လုပ်ငန်းများနှင့် အနာဂတ်အတွက် ရည်ရွယ်ထားသည့် စီမံချက်များမှာ–

### (၁) AEC အလုပ်ရုံဆွေးနွေးပွဲများစီစဉ်ကျင်းပခြင်း၊

AEC အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ကျင်းပပေးခြင်းများသည် ၂၀၁၄တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူရမည့် မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့် ကွက်လပ်တစ်ခုကု ဖြည့်ဆည်းပေးခြင်း ဖြစ်သည့်အပြင် နိုင်ငတော်အဆင့်က လုပ်ရမည့်တာဝန်ကို ပါရမီစွမ်းအင်မှ ငွေကုန်ကြေးကျခံကာ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုလားသော မြန်မာနိုင်ငံသားတိုင်း AEC စားပွဲဝိုင်းဆွေးနွေးပွဲများတွင် မိမိတို့၏အသိပညာနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးခြင်းဖြင့် ပါဝင်ဆွေးနွေးရန်လည်း ဖိတ်ခေါ်ထားပြီး AEC အလုပ်ရုံ ဆွေးနွေးပများကို ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့တော်များ၌ ကျင်းပလျှက်ရှိသည့်အပြင် နယ်စပနှင့် ထိစပ်လျှက်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း ဦးစားပေးကျင်းပလျှက်ရှိပါသည်။



ပါရမီ၏ AECအလုပ်ရုံဆွေးနွေးပွဲအတွေ့အကြုံများကို တက်ရောက်လာသူများမှ တဆင့် မိမိတို့ သကဆိုင်ရာအဖွဲ့အစည်း၊ အသိုင်းအဝန်းသို့ ဆက်လက်မျှဝေခြင်းဖြင့် ဒေသခံပြည်သူများအကြား AEC အသိပညာ၊ ဗဟုသုတများ ပိုမိုပျံ့နှံ့သွားစေမည် ဖြစ်ပါသည်။ ထိုကဲ့သို့ AEC အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ၂၀၁၅ အကုန်တွင စတင်ကျင့်သုံးတော့မည် ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ရန်အတွက် မြန်မာနိုင်ငံအနေနှင့် အသင့်ဖြစ်စေရန် လိုအပသော အသိပညာနှင့် ဗဟုသုတရရှိစေရုံသာမက တွန်းအားတစ်ရပ်လည်း ဖြစ်စေခဲ့ပါသည်။

AEC အလုပ်ရုံဆွေးနွေးပဲများကို ၂၀၁၄ ဇလိုင်လ ကုန်အထိ(၁၃) ကြိမ် ကျင်းပခဲ့ပြီး ဆက်လက်၍ ကျင်းပပေးသွားရန်လည်း အစီအစဉ် ပြုလုပ်လျှက်ရှပါသည်။ ထို့အတူ စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် ကျောင်းပညာပေးပွဲများကလည်းငင်းတို့တောင်းဆိုသည့်အချိန်တွင်စီစဉ်ကျင်းပပေးနိုင်ရန်လည်းတပါတည်းပြင်ဆင်ထားပါသည်။

## (၂) <u>ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဘကကျောင်း)များအား ထောက်ပံ့ခြင်း၊</u>



မြန်မာနိုင်ငံ၏ဒေသအနှံ့အပြားတငဘုန်းတော်ကြီး ကျောင်းများသည် ဒေသခံများ အတွက် အခမဲ့ပညာသင် ကြားပေးခဲ့သည်မှာ သမိုင်းအစဉ်အဆက် ဖြစ်ပါသည်။ ယခုခေတ်အခါတွင်လည်း ကျေးလက်ဒေသများတွင် အစိုးရကျောင်းများနည်းပါးခြင်း၊ ပညာရေးဝန်ထမ်းများမလုံလောက်ခြင်း၊ မိဘများဆင်းရဲနွမ်းပါး၍ ကလေးများပညာ သင်ကြားရန မတတ်နိုင်ခြင်း စသည့်အခက်အခဲများကြောင့် ဘုန်းတော်ကြီးများသည် မိမိတို့ဒေသအတွင်းရှိ ကလေးများ စာတတ်မြောက်ရေးအတွက် ပညာသင်ကြားရေးကို မိမိတို့တတ်အားသ၍ ဆက်လက်၍ တာဝနယူနေဆဲဖြစ်သည်အတွက် ဘကကျောင်းများ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါနေဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ခုလုံးတွင် ဘက ကျောင်းများ ၁၅၀၀ ကျော်ရှိသည့်အနက် ၁၀% ခန့် သာလျှင် ငွေကြေး၊ အဆောက်အဦးများ အဆငပြေစွာနှင့် ရပ်တည်နိုင်ကြပြီး ကျန်ဘကကျောင်းအများစုသည် ပညာသင်ကြားပေးရန်

လိုအပ်သော ငွေကြေး၊ အဆောက်အဦး၊ ဆရာ/ဆရာမ မလ လောက်မှု စသည့်အခက်အခဲများစွာကို ရင်ဆိုင်နေကြရလျက်ရှိပါသည်။



သို့ဖြစ်ပါ၍ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုသည် မြန်မာနိုင်ငံ တဝှမ်းရှိ ဘကကျောင်းများ ထံသို့ လက်လှမ်းမှီသ၍ သွားရောက်ကာ ၎င်းတို့လိုအပ်သည့် အခက်အခဲများကို ဖြည့်ဆည်းပေးလျက်ရှိပြီး၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတဝှမ်းလုံးရှိ ဘကကျောင်းများ၏ ၃၀ % ခန့်ကို ရေရှည ကောင်းမွန်စွာ ရပ်တည်နိုင်စေရန် အထောက်အပပေးသွားရန် ရည်မှန်းပါသည်။

ဘကကျောင်းများသည် ဗုဒ္ဓဘာသာဘုန်းကြီးမားက ဦးဆောင်သင်ကြားပေးသည့်အတွက် ဘာသာရေးဦးစားပေးလုပ်ငန်းဟု သာမန်အားဖြင့်ထင်မှတ်စရာဖြစ်သော်လည်း တကယ်တမ်းတွင်မူ ဘာသာမရွေး၊ လူမျိုးမရွေးဆင်းရဲ၍ ပညာမသင်ကြားနိုင်သော ကလေးများအားလုံးကို တပြေးညီသင်ကြားပေးနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ပညာမျိုးဆက်မပြတ်တောက်ရေးအတွက် မရှိမဖြစ်အရေးပါလှပါသည။ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကလေးသူငယ်များ အားလုံး စာတတ်မြောက်ရေးအတွက် ဘကကျောင်းများသည် ကျေးလက်ဒေသများ၏ အသက်သွေးကြောပမာ အရေးပါသည့်အတွက် ပါရမီ၏ CSR စီမံချက်တွင် ဦးစားပေးကာဆောင်ရွက်ခြင်းလည်းဖြစ်သည်။

ထိုဘကကျောင်းများ၌ အရည်အချင်းပြည့်ဝသော ဆရာ/ဆရာမ များမ ပညာသင်ကြားပေးနိုင်ရန် ၎င်းတို့အတွက်လိုအပ်သော လစာနှင့်ထောက်ပကြေးငွေများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျှက်ရှိသည်အပြင် ဘကကျောင်းများ၌ အခြားလိုအပ်သော ရေလောင်းအိမ်သာ၊ SolarPower ၊ ရေသန့်စက်စသည် တို့ကိုလည်းလိုအပ်သလိုထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့အတွက်အရေးပါသော ကျန်းမာရေးကဏ္ဍကိုပါ အထောက်အကူဖြစ်စေပါသည်။

ဘကကျောင်းများမှ ထွက်ပေါ်လာသည့် ထူးချွန်ကျောင်းသားများအား ဆုံးခန်းတိုင်ပညာသင်ကြားနိုင်ရန်လည်း ဆက်လက်ပံ့ပိုးပေးသည့်အပြင်နှင့် ၎င်းတို့ပညာသင်ကြားခြင်း ပြီးဆုံးသည့်အချိန်တွင ၎င်းတို့၏ မူလ ဘကပညာရေး၌ ပြန်လည်သင်ကြားထောက့်ပံ့ပေးနိုင်သည်အထိ မျှော်မှန်းကာ ဆောင်ရွက်စေပါသည်။ သင်ကြားရေးအပိုင်းတွင်လည်း သာမန်မူလတန်းပညာသာမကဘဲ ကလေးငယ်များ အသိလိမ္မာနှင့် သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာများပါတိုးပွားစေရန် တတ်စွမးသ၍ ကြိုးပမ်းဆောင်ရွက်စေသည်။ ထိုသို့ ဖြစ်လာစေရန် ဘကကျောင်းများရှိ ဆရာ/ဆရာမများအား ပါရမီစွမ်းအင်အနေနှင့် လိုအပ်သမျှ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

## (၃) သဘာဝပါတ်ဝန်းကျင်ထမ်းသိမ်းစောင်ရှောက်ခြင်း၊



ပါရမီ၏ရည်မှန်းချက်ဖြစ်သော ၁ ၂၀၁၅ မတိုင်မှီ သစ်ပင်ပေါင်း ငါး သန်းစက်ပျိုးနိုင်ရေးသည် မြန်မာ နိုင်ငံအပါ အဝင် ယနေ့ကမ္ဘာ့နိုင်ငံ အများရင်ဆိုင်နေရသော သဘာဝ ပတ်ဝန်းကျင်ပျက်ဆီးဆုံးရှုံးခြင်းကို အတိုင်းအတာ တစ်ခုအထိ ကာကွယ်ပေးမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သက်ရှိသတ္တဝါ တို့နှင့် အပင်များဂေဟစနစ် သဟ ဇာတဖြစ်စေရန် လိုအပ်သည့်အတွက် အပင်များနှင့်အတူ မှီတင်းနေထိုင်မည ကျေးငှက်တိရိစ္ဆာန်များလည်း ပေါက်ဖွား ရှင်သန်နေထိုင်နိုင်ရန် သစ်ပင်စိုက်ပျိုးခြင်းနှင့်အတူ သဘာဝတောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်း စောငရှောက်ရေးကို လည်း တပါတည်းအကောင်အထညဖေါ် ဆောင်ရွက်နိုင်ရန်အထိ ရညရွယ်ထားပါသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသည် တောရိုင်းတိရိစ္ဆာန်များတရားမဝင်ရောင်းဝယ်ဖေါကကားရာ ဈေးကွက်တစ်ခုအဖြစ် ကမ္ဘာတွင်ထင်ရှားနေသောကြောင့် သဘာဝတောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို ဦးစားပေးလုပ်ဆောင်နိုင်ရေးအတွက် ကမ္ဘာအရပ်ရပ်မှ တောရိုင်းတိရိစ္ဆာန်ကာကွယ်ရေး အဖွဲ့အစည်းအသီးသီးက တောင်းဆလျှက်ရှိနေကြပါသည်။ ထို့ကြောင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတ၊ အသိဉာဏ်များ ပြန့်ပွားရေးအတွက်လည်း စာပေဟောပြောပွဲ၊ ဗဟုသုတဆိုင်ရာဆွေးနွေးပွဲစသည်များ ပြုလုပ်ပေးခြင်းဖြင့် သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးကို တဘက်တလမ်းမှ အထောက်အကူဖြစ်စေပါသည်။

ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု၏ CSR အစီအစဉ်၏ သဘာဝပါတ်ဝန်းကျင်ကဏ္ဍတွင် အထူးအစီအစဉ်အဖြစ် ခွေးရူးရောဂါကာကွယ်ဆေးလိုက်လံထိုးနှံပေးခြင်းလည်းဆောငရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ခွေးလေခွေးလွင့်ပေါများသည့်အတွက် ၎င်းတို့ကို ထိန်းချုပ်နိုင်ရန်ထိုခွေးလေခွေးလွငများအား စည်ပင်သာယာမှ အဆိပ်တုံးပစ်၍ သုတ်သငရှင်းလင်းခြင်းသည် ဗုဒ္ဓဘာသာတရားတော်နှင ဆန့်ကျင်နေသည့်အပြင မြင်တွေ့ရသူအပေါင်းလည်း စိတ်ဆင်းရဲစရာဖြစစေပါသည်။

ထို့ကြောင့် အကောင်းဆုံးဖြေရှင်းနည်းအဖြစ် ထိုခွေးလေခွေးလွင့်များအား ခေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ၎င်းတို့၏သားပေါက်နှုန်းကိုထိန်းချုပ်ပေးခြင်းဖြစ်ကြောင်း တိရိစ္ဆာန်ဆေးကုဆရာဝန်များက အကြံပြုထားသညအတိုင်း လက်ရှိတွင်ဆောင်ရွက်လျက်ရသည့် စေတနာရှင်အဖွဲ့များအား လိုအပ်သည့်ဆေးဝါးနှင့် လိုအပ်သည့်စရိတ်များ ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏လုပ်ငန်းအစီအစဉ်ကို အရှိန်အဟုနမြင့် ဆောင်ရွက်စေနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံရာတွင် တိရိစ္ဆာန်ဆေးကုဆရာဝန်များနှင့်အတူ ပါရမီစွမ်းအင‌မှ ဝန်ထမ်းများ လည်းအတူတကပါဝင်စေခြင်းဖြင့်ခွေးရူးရောဂါနှင့် ပါတ်သက်သည ဗဟုသုတများရရှိစေသည့်အပြင် အများအကျိုးအတွက ကိုယ်တိုင်အပင်ပန်းခံကာပါဝင်ရသည့်ပီတိကိုလည်း ရရှိခံစားနိုင်စေပါသည်။

## (၄) သောက်သုံးရေရရှိရေး ကူညီထောက်ပံ့ လှူဒါန်းခြင်း၊

ရေအသက်တမနက်ဆိုသည‌ဆရိုးစကားနှင့်အညီလူသားတို့ဘဝရှင်သန်ရေးအတွက်မရှိမဖြစ် အရေးကြီးလှသည့် ရေကို လုံလောက်စွာမရသည့်ဒေသများမှ ပြည်သတိုအား သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရေး အတွက် ရေတွင်းနှင့် အဝီစိတွင်းများတူးဖေါ်ပေးခြင်း၊ ရေသန့်စက်များလှူဒါန်းခြင်း စသည်တို့က လိုအပ်သလို ဦးစားပေး လှူဒါန်းလျှက်ရှိပါသည်။



ဥပမာ–ကရင်ပြည်နယ်ကျုံဒိုး ဆေးရုံဝင်းအတွင်း၌ မြေအောက်ကျောက်ဖျာခံနေခြင်းကြောင့် ယခင်က လက်လျှော့ထားခဲ့သည့် နေရာတွင် အဝီစိတွင်း အောင်မြင်စွာတူးဖေါ်ပေးနိုင်ခဲ့၍တနှစ်ပါတ်လုံးရေချို အလုံအလောက် ရရှိစေနိုင်ခဲ့ပါသည်။ ထိုအပြင်ဆေးရုံအတွက် လိုအပ်နေသော ရေသန့်စက်ပါတဆက်တည်း လှူဒါန်းပေးခဲ့ခြင်းကြောင့် ဆေးရုံအတွက် သာမကဘဲ ပတ်ဝန်းကျင်ရှိပြည်သူများပါ ရေကောင်းရေသန့်ကို လုံလောက်စွာ သုံးစွဲနိုင်ကြစေသည်အထိ ဆထက်ထမ်းပိုး အကျိုးရှိစေခဲ့ပါသည်။

အလားတူ ရေသန့်စက်တစ်ခုကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြောက်ပိုင်းရှိ တစ်ကျောင်းတည်းသော အထက တန်းကျောင်းဖြစ်သည့် နဘူးအထကသို့ တပ်ဆင်ပေးခဲ့ပါသည်။ အဆိုပါ နဘူးဒေသသည် ဝေးလံသည့်အပြင် လက်နက်ကိုင်ပဋိပက္ခများကြောင့် အရောက်အပေါက်နည်းပါးသောဒေသတစ်ခုဖြစ်၍ လိုအပ်ချက် များစွာရှိနေသည့် အတွက် ပါရမီစွမ်းအင်အနေနှင့် မရောက်ရောက်အောင ကြိုးစားသွားရောက်ကာ ကျောင်းအတွက် လိုအပ်သည ရေသန့်စက်ကို လှူဒါန်းပေးခဲ့ခြင်းဖြစ်ပါသည်။

## (၅) လိုအပ်သည့်အချိန်များတွင်သီးခြားလှူဒါန်းခြင်း

ထိုကဏ္ဍအတွက် လှူဒါန်းခြင်းဆိုသည်မှာ သဘာဝဘေးအန္တရာယ်၊ လူသားတို့၏ ပဋိပက္ခနှင အခြားသော အကြောင်းများကြောင့် အရေးပေါ်အခြေအနေ ကြုံကြိုက်သည့်အခါ ၎င်းတို့အတွက် လိုအပ်သည့် ဆေးဝါး၊ စားနပ်ရိက္ခာ၊ အဆောက်အဦးစသည်တို့ကို ထောက်ပံ့လှူဒါန်းခြင်းများဖြစ်ပါသည်။ ထိုသို့လှူဒါန်းရာတွင် ပကာသန ကင်းရှင်းစွာဖြင့် အမှန်တကယ် အကူအညီလိုအပ်နေသည့်သူများအား တန်ဘိုးထား ကိုယ်ချင်းစာနာကာ ကူညီ လှူဒါန်းခြင်းမ‌ုးသာဖြစ်စေပါသည်။



ဒေသခံများ၏ မေတ္တာရပ်ခံချက်အရ ၂၀၁၃ မေလအတွင်း ဆောက်လုပ်လှူဒါန်းခဲ့သည့် ကရင်ပြည်နယ် ကော့ကရိတ်တောင်ပိုင်းရှိ ကျေးရွာငါးခုကို ဆက်သွယ်ထားသည် ကမ္ဘရိုက် တံတားသစ်သည် ယခင်က မိုးရာသတွင် ယာယီ ဝါးတံတားဟောင်းပေါ်မှ အန္တရာယ်ကြီးစွာဖြတ်သန်း အသုံးပြုခဲ့ရသော ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ဒေသခံပြည်သူများမှာ ယခုအခါ စိတ်ချလက်ချအသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

ပါရမီ၏ CSR အစီအစဉ်များသည် လူမှုဘဝများအား ပိုမိုသာယာစေရန်သာမက သဘာဝပါတ်ဝန်းကျင်နှင့်လည်းသဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးကိုရည်ရွယ်ထားသည့်အတွက် မိမိတနှင့် ဆက်ဆံလုပ်ကိုင် နေရသူများကိုပါ အသိပညာမျှဝေပေးခြင်းဖြင့် ပိုမိုအကျိုးများစေရန်ရည်ရွယ်ပါသည်။ ထို့အတူ မိမိတို့ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု၏ CSR အစီအစဉများနှင့်ပါတ်သက်၍ အကြံဉာဏ်ကောင်းများ၊ လိုအပ်သည်အကူအညီများ၊ သတင်းအချက်အလက်များ စသည်တို့ကိုအခါအားလျော်စွာ ကူညီဆောင်ရွက်ပေးသူတို့၏ စေတနာများကိုလည်း အစဉ်တန်ဘိုးထားလေးစားနေမည်ဖြစ်ပါသည်။